# အခြေခံပညာပြီးမြောက်ကြောင်းစစ်ဆေးအကဲဖြတ်ခြင်း

## အင်တာနက်ရှိပြီး ဘေးကင်းလုံခြုံသည့်နေရာတွင် အွန်လိုင်းဖြေဆိုသူများ လိုက်နာရန်စည်းကမ်းချက်များ

၁။ အင်တာနက်ကောင်းစွာရရှိပြီး ဘေးကင်းလုံခြုံသောနေရာတွင် သီးသန့် စာဖြေခန်း၊ စားပွဲနှင့်ထိုင်ခုံ စီစဉ်ထားရှိရမည်။ ယင်းအခန်းသည် ဖြေဆိုသူ၏ မျက်နှာနှင့် မျက်လုံးများကို ကောင်းစွာ မြင်နိုင်သည့် အလင်းရောင် ရှိရပါမည်။ စာဖြေခန်းနံရံများ၊ စားပွဲ စသည်တို့တွင် မှတ်စု၊ ပုံသေနည်း၊ ရုပ်ပုံ စသည့် ရေးမှတ်ထားမှုများ မရှိစေရန် သန့်ရှင်း/ရှင်းလင်းထားရမည်။

၂။ စာဖြေခန်းအတွင်း ဖြေဆိုရာတွင် အသုံးပြုမည့် ဖုန်း/တက်ဘလက်/ ကွန်ပျူတာ၊ ဘာသာရပ်လိုအပ်ချက်အရ အကြမ်းတွက်ရန်၊ A4 စာရွက်အလွတ်၊ ခဲတံ၊ ခဲဖျက် နှင့် ရေပုလင်းသာ ယူဆောင်ရမည်။

**မှတ်ချက်**- ဘာသာရပ်၏ လိုအပ်ချက်အရ ယူဆောင်ခွင့်ပြုသော A4 စာရွက်အလွတ်၊ ခဲတံ၊ ခဲဖျက်နှင့် ဂဏန်းပေါင်းစက် (Scientific Calculator) စသည်တို့ကို ပလတ်စတစ်အိတ်ကဲ့သို့ အတွင်းမြင်ရသည့်အိတ်ဖြင့် ထည့်၍ ယူဆောင်ရမည်။ မဖြေဆိုခင် A4 စာရွက် အလွတ်ဖြစ်ကြောင်း ကင်မရာ (ဝက်ဘ်ကင်မ်) တွင်ပြသရမည်။

၃။ စားပွဲပေါ်တွင် အခြားသော အီလက်ထရွန်နစ် ပစ္စည်းများ (ဥပမာ- စမတ်ဖုန်း၊ စမတ်နာရီ၊ နားကြပ်များ၊ ဟက်ဒ်ဖုန်း စသည်) ၊ မှတ်စုစာအုပ်၊ ဖတ်စာအုပ်၊ စာရွက်စာတမ်းများ မရှိစေရ။ နားကြပ်များ၊ ဟက်ဒ်ဖုန်းများ တပ်ဆင်ထားခြင်းလည်းမပြုရ။

၄။ စစ်ဆေးချိန်အတွင်း စာဖြေခန်းတွင် ဖြေဆိုသူတစ်ဦးတည်းသာ ရှိရမည်။ မည်သူမျှ ဝင်ထွက်ခြင်း မပြုစေရ။

၅။ ဖြေဆိုရန် Attempt Quiz/ Re-attempt Quiz ကို နှိပ်ပြီး ပေါ်လာသော ကင်မရာ (ဝက်ဘ်ကင်မ်) တွင် မိမိ မျက်နှာနှင့် ဦးခေါင်းပိုင်းကို ရှင်းလင်းစွာမြင်ရရန် ဖုန်း/ တက်ဘလက်/ ကွန်ပျူတာကို သေချာစွာ နေရာချထားရပါမည်။ မိမိအသုံးပြုသော ဖုန်း/ တက်ဘလက်/ ကွန်ပျူတာ ကင်မရာ (ဝက်ဘ်ကင်မ်) ပွင့်၊မပွင့်ကို မိမိကိုယ်တိုင်သေချာစွာစစ်ဆေးရန် လိုအပ်ပါသည်။ (နမူနာမေးခွန်းများ (Sample Tests) ကိုဖြေဆို၍ ကင်မရာ (ဝက်ဘ်ကင်မ်) ပွင့်၊မပွင့်ကို အကြိမ်ကြိမ်စစ်ဆေးနိုင်ပါသည်။)

၆။ နောက်တစ်ဆင့် "Start Attempt" ကိုနှိပ်ပြီးချိန်တွင် စာဖြေသူ၏ စားပွဲပေါ်တွင် သတ်မှတ်ထားသော ပစ္စည်းများသာရှိကြောင်းနှင့် ဘေးနားပတ်ဝန်းကျင်တွင် အခြားသူများမရှိကြောင်းကို ဖုန်း/ တက်ဘလက်/ ကွန်ပျူတာ ကင်မရာ (ဝက်ဘ်ကင်မ်) ကို လှည့်၍ ပြသရမည်။ ထို့နောက် ဖုန်း/ တက်ဘလက်/ ကွန်ပျူတာကို မိမိမျက်နှာနှင့် ဦးခေါင်းပိုင်းကို ကင်မရာ (ဝက်ဘ်ကင်မ်) တွင် ရှင်းလင်းစွာမြင်ရရန် နေရာချထားသောနေရာတွင် ပြန်ထားရပါမည်။ (ထိုအတွက် စာဖြေချိန်ကို ၅ မိနစ် ပိုပေးထားပါသည်။)

၇။ ကင်မရာ (ဝက်ဘ်ကင်မ်) ဖြင့် ကျောင်းသား/ကျောင်းသူများ ဖြေဆိုမှုကို စက္ကန့်အလိုက် မှတ်တမ်းတင်ထားမည် ဖြစ်သည့်အတွက် မေးခွန်းများကို ကူးယူခြင်း၊ ဓာတ်ပုံ ရိုက်ယူခြင်း (လုံးဝ) မပြုလုပ်ရပါ။

၈။ ဖြေဆိုရာတွင် အသုံးပြုသည့် ဖုန်း/ တက်ဘလက်/ ကွန်ပျူတာမှလွဲ၍ အခြား ဖုန်း/ တက်ဘလက်/ ကွန်ပျူတာများမှတစ်ဆင့် အချက်အလက်များ ကြည့်ရှုဖြေဆိုမှု (လုံးဝ) မပြုလုပ်ရပါ။

၉။ အခြားသူ တစ်ဦးတစ်ယောက်ထံမှ အကူအညီရယူ ဖြေဆိုမှု (လုံးဝ) မပြုလုပ်ရပါ။

၁၀။ ဖတ်စာအုပ်များ၊ မှတ်စုစာအုပ်၊ စာရွက်စာတမ်းများကို ကြည့်ရှုဖြေဆိုမှု (လုံးဝ) မပြုလုပ်ရပါ။

၁၁။ ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည့်အတွက် အချိန်မဆွဲဘဲ ဖြေဆိုရမည်။

၁၂။ ဖြေဆိုသူက မိမိ၏ ကုဒ်နံပါတ်ကို မှန်ကန်စွာ ဖြည့်သွင်းရမည်။

၁၃။ ကျောင်းသားတစ်ဦးသည် တစ်ခုထက်ပိုသော ကျောင်းသားကုဒ်များ (ID Code) များရရှိထားပြီး ထိုကျောင်းသားကုဒ်များဖြင့် Moodle ID Code များရယူပြီး အကြိမ်ကြိမ်ဖြေဆိုခြင်းမပြုရ။ ကျောင်းသားတစ်ဦးလျှင် မိမိ၏ Moodle ID Code တစ်ခုတည်းဖြင့်သာ မိမိရွေးချယ်ထားသော ဘာသာရပ်များအားလုံးဖြေဆိုရမည်။

၁၄။ ပေးထားသည့် အချိန်အတွင်း မေးခွန်းများအားလုံးကို အစမှအဆုံး ပြီးဆုံးအောင် တစ်ဆက်တည်း (တစ်ထိုင်တည်း) ဖြေဆိုရမည်။ အတတ်နိုင်ဆုံး အချိန်ပြည့်ဖြေဆိုရန် လိုပါသည်။

၁၅။ ရုတ်တရက် နေမကောင်းခြင်း/ အရေးပေါ်အခြေအနေမှလွဲ၍ စတင်ဖြေဆိုချိန်မှ ပြီးဆုံးသည်အထိ ဖုန်း/ကွန်ပျူတာ ကင်မရာ (ဝက်ဘ်ကင်မ်) ရှေ့မှ ထွက်ခွာခြင်းမပြုရ။

၁၆။ မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက်ရှိသောစာဖြေသူများအနေဖြင့် ကိုယ်တိုင်ဖြေဆိုနိုင်ခြင်းမရှိပါက စာဖြေသူ၏ တစ်ဆင့်နိမ့်အတန်းမှ ကျန်းမာရေး ကောင်းမွန်ပြီး စာပေထူးချွန်သော (မေးခွန်းပုံစံကို ကောင်းစွာ သိရှိနားလည်ပြီးသော) ကျောင်းသား/သူ တစ်ယောက် ကိုခေါ်၍ ထိုမသန်စွမ်းကျောင်းသားအတွက် မေးခွန်းဖတ်ပြခြင်းနှင့် အဖြေရွေးချယ်ခြင်း ပြုလုပ်ပေးနိုင်ပါသည်။

တစ်ဆင့်နိမ့်အတန်းမှ ဖြေဆိုပေးမည့်သူ အမည်၊ အတန်း၊ နောက်ဆုံးတက်ခဲ့သည့်ကျောင်းအမည်ကို **beca.lms@be.moeedu.org** သို့ အကြောင်းကြားရမည်။ စာဖြေချိန်အတွင်း ဖြေဆိုရာတွင် အသုံးပြုမည့် ဖုန်း/ တက်ဘလက်/ ကွန်ပျူတာ ကင်မရာ (ဝက်ဘ်ကင်မ်) ရှေ့တွင် (၂) ဦးလုံး ရှိနေရမည်။

**မှတ်ချက်** - အခြေခံပညာပြီးမြောက်ကြောင်းစစ်ဆေးအကဲဖြတ်ခြင်း (BECA) ၏ စစ်ဆေးမှုစနစ် အရ ဖြေဆိုသူများအတွက် ဖြေဆိုပြီးလျှင်ပြီးချင်း ရလဒ်များကို ချက်ချင်းဖော်ပြပေးထားသည်။ သို့သော် စစ်ဆေးအကဲဖြတ်ခြင်း ကျင်းပသည့်ကာလပြီးနောက် **ဖြေဆိုစဉ်ရယူထားသော မှတ်တမ်းများကို စစ်ဆေးပြီးမှသာလျှင် ရလဒ်များကို အတည်ပြု ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။** ဖြေဆိုစဉ် ရယူထားသော မှတ်တမ်းများအရ စစ်ဆေးချိန်အတွင်း အထက်ပါ **စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ အွန်လိုင်းဖြေဆိုသူများ လိုက်နာရန်စည်းကမ်းချက်များကို မလိုက်နာကြောင်းတွေ့ရှိပါက အသိအမှတ်ပြုလက်မှတ်နှင့် အမှတ်စာရင်း ထုတ်ပေးမည် မဟုတ်သည့်အပြင် ပြန်လည် ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။**

## ဖြေဆိုခွင့်

၁။ ဖြေဆိုစဉ် ရုတ်တရက် အင်တာနက်ပြတ်တောက်သွားခြင်း၊ လုံခြုံရေးအခက်အခဲဖြစ်ပေါ်ခြင်းစသည့် အရေးပေါ်အခြေအနေများကြောင့် ဖြေဆိုမှုရပ်တန့်လိုက်ရသော ဘာသာရပ်များရှိပါက နောက်တစ်ကြိမ် ဝင်ရောက်ဖြေဆိုနိုင်ရန် ဖြေဆိုခွင့် (၂) ကြိမ် ( 2 Attempts) ထည့်သွင်းပေးထားပါသည်။ နှစ်ကြိမ်ဖြေဆိုပြီးနောက် အလားတူအခြေအနေမျိုးထပ်မံဖြစ်ပေါ်ပါက **beca.lms@be.moeedu.org** သို့ဆက်သွယ်၍ ဖြေဆိုခွင့် နောက်ဆုံး (၁) ကြိမ် ထပ်မံတောင်းဆိုနိုင်ပါသည်။ အခက်အခဲကြောင့် ဖြေဆိုမှုရပ်တန့်ရခြင်း အမှန်ဖြစ်/မဖြစ်ကို စစ်ဆေးပြီး ဖြေဆိုခွင့်ကို ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ ဖြေဆိုမှုအခက်အခဲကြောင့် (၁) ကြိမ်ထက်ပို၍ ဖြေဆိုရပါက အများဆုံးရမှတ်အဆင့်ကို အတည်ပြု သတ်မှတ်မည်ဖြစ်ပါသည်။

## ဆက်သွယ်မေးမြန်းနိုင်မည့် နေရာများ

1. **Channel 1**

   BECA Official Email >> enquiry@be.moeedu.org

2. **Channel 2**

   BECA Official Email >> beca.info@be.moeedu.org

3. **Channel 3**

   Myanmar Basic Education Home Page (**Blue Mark** အမှတ်အသားပါရှိသော Facebook Page Messenger)

   https://www.facebook.com/BE.moeNUG?mibextid=ZbWKwL

4. **Channel 4**

   BECA နှင့်စပ်လျဉ်း၍ မကြာခဏ စုံစမ်းမေးမြန်းလေ့ရှိကြသည့် မေးခွန်းများ၏ အဖြေများကို အောက်ဖော်ပြပါ Telegram Channel တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

   BECA Public FAQ Telegram Link >> https://t.me/BECApublicFAQ